# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန)

## စေတုတ္တရာမြို့နယ်



# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# Village Development Plan(VDP)

ပန်းအိကျေးရွာအုပ်စု၊လုံးဇွန်ကျေးရွာ

၂၀၁၇ခုနှစ်

စေတုတ္တရာမြို့နယ်

# မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်း (PRA/PSA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ -၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ - ၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# စေတုတ္တရာမြို့နယ်ပြမြေပုံ




ပန်းအိကျေးရွာအုပ်စု
အခြေပြမြေပုံ
N
W
E
S
ကျောက်တန်း
ပန်းအိ
ကျင်းကြီး
လုံးစွန်
ကျေးရွာအုပ်စု
ကျေးရွာ
ကျေးရွာအုပ်စုခြားမျဉ်း
ချောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ ပန်းအိကျေးရွာအုပ်စု
လုံးခွန်ကျေးရွာ အကွက်ချမြေပုံ



ရည်ညွှန်းချက်

- အိမ်ကွက်၊ မြေကွက်
- ဘုန်းတော်ကြီးကျောင်း
- စေတီ
- အခြေခံပညာမူလတန်းကျောင်း

| ကျေးရွာအမည် | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | | | စာသင်ကျောင်း အဆောက်အဦး များစာရင်း | ဘုန်းတော်ကြီး ကျောင်း အဆောက်အဦးများစာရင်း | ပညာရေး အဆောက်အဦးများစာရင်း | ဘာသာရေး အဆောက်အဦးများစာရင်း | ကျန်းမာရေး အဆောက်အဦးများစာရင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | | | | |
| လုံးခွန် | ၆၁ | ၅၇ | ၁၁၆ | ၁၂၁ | ၂၃၇ | ၁ | ၁ | — | ၁ | — | |

## လုံးခွန်ရွာ၏ သမိုင်းအကျဉ်း

ရေရှားတဲ့ဒေသမှာလည်းမနေနဲ့

ငွေရှားတဲ့ဒေသမှာလည်းမနေနဲ့

ဟူ၍ ရှေးစကားပုံတစ်ခုကို ကျွန်တော်အဖေပြောခဲ့ဘူးသော စကားစုများထဲမှ စကား ဖြစ်ပါသည်။ ငွေပေါတဲ့ဒေသဆိုတာက စီးပွားရှာရတာ လွယ်သောအရပ်ဒေသကို ဆိုလိုခြင်း ဖြစ်ပါသည်။ လုံးခွန်ရွာသည် မည်သည့်ဟင်းသီးဟင်းရွက်များကိုမျှ ဝယ်စားရန် မလိုပါ။ တောင်းယူ လျှင်ရပါသည်။ ဥပမာ ချဉ်ပေါင်ရွက် စာချင်လျှင်ယာခင်းထဲဝင်၍ ဆွတ်ယူစားသုံးနိုင်ပါသည်။ ခွင့်တောင်းနေရန်ပင်မလိုအပ်ပါ။ ငွေကုန်စရာနည်းပါးသလို ငွေရှာရန်လည်းခက်ခဲပါသည်။ အစဉ် အဆက်ပြုလုပ်လာခဲ့သော လယ်ယာကိုင်းကျွန်းများမှ ထွက်သောသီးနှံဝင်ငွေများကြောင့် ငွေပေါသော ဒေသမဟုတ်သော်လည်း ငွေရှားသော ဒေသမဟုတ်ပါ။

ရေဆိုသည်မှာ သက်ရှိသတ္တဝါတို့အတွက် နေ့စဉ်လိုအပ်သော အဟာရတစ်မျိုး ဖြစ်ပါ၏။ လူတစ်ဦးသည် နေ့စဉ် ရေတစ်ဆယ်ဂါလန်အောက်တွင်အသုံးပြုပါက ရေမလုံ လောက်ခြင်း၊ လူတစ် ဦးရေဂါလန် ၃၀ အသုံးပြုမှသာ ရေလုံလောက်သေ စံချိန်မှီဒေသ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O) က အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။ စေတုတ္တရာမြို့နယ်တွင် ကျေးရွာ အုပ်စုပေါင်း (၄၆) အုပ်စု ကျေးရွာပေါင်းများစွာရှိသည်တွင် ရေရှားပါးသော ကျေးရွာစာရင်းတွင် (၂၀၀၈) ခုနှစ် နောက် ပိုင်း လုံးလုံးလျားလျား ပါဝင်လာတော့သည်။ (၂၀၁၅) ခုနှစ် ကမ္ဘာ့ဘဏ်ရံပုံငွေဖြင့် ရေရရှိရေးကို လုံးခွန်ကျေးရွာမှ ငွေကျပ် သိန်း (၂၀) ကျော် စိုက်ထုတ်၍ ကမ္ဘာ့ဘဏ် သိန်း (၅၀)နှင့်ပေါင်းကာ သိန်း (၇၀) မတည်ဆောင်ရွက်ခြင်းကြောင့် ကျေးရွာတွင်းရှိလူများ ရေလုံလောက်စွာ သုံးစွဲနေရ သဖြင့် ရေရှားတဲ့ဒေသ မဟုတ်သော်လည်း နေပျော်သောရွာဖြစ်ပါသည်။

လုံးခွန်ရွာတွင် နေထိုင်လျှက်ရှိသော လူများ၏ ဘိုးဘေးတို့မှာ ချင်းပြည်နယ် တောင်ပိုင်း နှင့် ရခိုင်ပြည်နယ်မြောက်ဖျားရှိ ဓာတောင်တွင် နေထိုင်ကြသည့် ချင်းလူမျိုး များဖြစ်သည်။ ထိုလူမျိုး များသည် စားဝတ်နေရေးအတွက် စိုက်ပျိုးရေးကို ရွှေ့ပြောင်း တောင်ယာခုတ်၍ စိုက်ပျိုးကြရာမှ ကြွေလ်အသင်းဖြစ်သူ ဦးကြွေလ်ဝါ၊ ဦးကြွေလ်ချစ်၊ ဦးကြွေလ်လု ညီအကိုသုံးယောက်တို့၏မိသားစုတို့ သည် မုန်းချောင်းအရှေ့ဘက် မှန်တောင် (ခေါ်) မင်းတောင်နှင့်ရေကန်ကြီးရှိရာ စွဲ၍ ခေါ်သော ကန်တောင်တို့သည် တောင်မြောက် ကာရံလျှက် အရှေ့ဘက်တွင် ပုန်းတောင်၏ အရိပ်ကျရာ ချင်း ဘာသာစကား အခေါ် လုံးရွှန်းရွာ အမည်ဖြင့် (၁၁၈၂) ခုနှစ်တွင် တည်ထောင်ခဲ့ကြသည်။ ရွာ၏ အရှေ့အရပ်နှင့်

တောင်အရပ်တို့တွင် ကျောက်ဆောင်အစွန်းများစွာတည်ရှိသည်ကို အစွဲပြု၍ မြန်မာစကားအဓိပ္ပာယ်အရ ကျောက်စွန်းရွာဟု အဓိပ္ပာယ်ရသည်။ ထို လုံ့ရှုန်(လ်) မှ လုံးစွန် ၊ လုံးစွန်မှ လုံးဖွန်ဟု ပြောင်းလဲ၍ ရွာအမည်တွင်လာခဲ့သည်။ရွာတည်ထောင်ကြသော ညီအကိုသားချင်းတို့ ပြောဆိုသော ဘာသာစကားမှာ ချင်းဘုံဘာသာဖြင့်သာ ပြောဆိုကြသည်။ ချင်းဘုံ(န်) ဘာသာဖြင့် ပြော ဆိုကြသော ချင်းလူမျိုးများစွာ ရှိသည့်အနက် -

၁။ မှက်(တ်)မှိန်း အမျိုး (အသင်း)

၂။ တုတ်စုဏ်း (န်) အမျိုး (အသင်း)

၃။ ကွမ်း (လ်) လိမ် (လ်) အမျိုး (အသင်း)

၄။ ဘွန်း (မ်) ဌေး (လ်) အမျိုး (အသင်း)

၅။ ကြဲလ် အမျိုး (အသင်း)

၆။ ဟေ (င်) စိုလ် အမျိုး (အသင်း)

၇။ အေချန်းသောက် (လ်) အမျိုး (အသင်း)

၈။ ရှောက် (လ်) အမျိုး (အသင်း)

တို့သာလျှင် ကျန်ရှိတော့သည်။ ကာလရှည်လျားစွာ ကြာမြင့်မှု၊ ခေတ်အဆက်ဆက်တို့ ပြောင်းလဲမှုကြောင့် အယူ၊ ဘာသာ စကားတို့သည်လည်း ပြောင်းလဲလာခဲ့သည်။ ရှေးယခင် ရိုးရာဘာသာဖြစ်သည့်နတ်ကိုးကွယ်သည်မှ ဘုရားတပည့် သံဃာတော်တို့၏ ကျေးဇူးတော်ကြောင့် နှစ်ပေါင်း(၇၀)နှစ်အကြာ (၁၂၅၂) ခုနှစ်တွင် ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြရသည်။ မန်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဒကာအဖြစ်ခံယူကာ ဆောက်လုပ်လှူဒါန်းပါဝင်ကိုးကွယ်ရာမှ (၁၂၈၀) ခုနှစ်တွင် ကျင်းကြီးကျေးရွာတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပါဝင်လှူဒါန်း ခဲ့ကြပြန်သည်။ ထိုသို့ ကိုးကွယ်ရာမှ မိမိတို့ရပ်ရွာတွင် ကိုးကွယ်နိုင်ရန်အတွက် စီစဉ်ကြရာ (၁၂၈၉) ခုနှစ်တွင် ကျောက်ထီးတင်စေတီတစ်ဆူ၊ ၁၂၉၆ ခုနှစ်တွင် ဝါးကျောင်း၊ (သုံးပင်လေးပင်)တစ်ဆောင် ဆောက်လုပ်၍ ဦးစိန်မြခေါ်ဆရာတော် ဦးအာဒိစ္စကို ကိုးကွယ်ကြသည်။ ကျောင်းမြေနေရာ အလှူရှင် ဦးအေးခိုင်မှ မြေ(၇)ဧကခန့် လှူရာ ကျောင်းဒကာများဖြစ်ကြသည် ဦးဖိုးကြောင်နှင့် လုံးဖွန်ရွာသားများသည် ဦးစိန်မြခေါ် ဆရာတော်ဦးအာဒိစ္စပြန်တော်မူပြီးနောက် ဆရာတော် ဦးသံဝရ အားပင့်ဆောင်ကိုးကွယ်ရကြန်သည်။ ထိုဆရာတော်သည် (၁၃၂၀) ခုနှစ်တွင် ပြန်လွန်တော် မူပြီး (၁၃၂၂)ခုနှစ် နတ်တော်တွင် ဘိုကုန်းဆရာတော် ဦးကေသရ၏ တပည့် ဆရာတော် ဦးကောသလ္လအားဆက်လက်ကိုးကွယ်ကြသည်။ ထိုဆရာတော်သည် ကျေးရွာ၌

(၄၆)နှစ်အကြာ (၁၃၆၈) ခုနှစ်တွင် ပျံလွန်တော်မူသည်။ ၁၃၆၈ မှ ၁၃၇၇ ခုနှစ်တိုင် ယခုရှိ ဆရာတော် ဦးစိန္တိတ အား ကိုးကွယ်လျှက်ရှိသည်။

လုံးဖွန်ကျေးရွာတွင် နေထိုင်သူချင်းတိုင်းရင်းသားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုး ရေးဖြစ်သည်။ စပါးကို အများဆုံးစိုက်ပျိုးကြသည်။ နှမ်း၊ ပဲအမျိုးမျိုး ၊ ပြောင်း၊ ဝါ စသည့် သီးနှံ များကိုလည်း စိုက်ပျိုးလျှက်ရှိသည်။ မွေးမြူရေးဘက်တွင် စိုက်ပျိုးရေးအတွက် နွားများကို တနိုင် တပိုင်အဖြစ်သာ မွေးမြူကြ၍ ကြက်ဝက်များကို အနည်းအကျဉ်းသာ မွေးမြူကြသည်။

ကျေးရွာ ပညာရေးအတွက်၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသည်။ မူလတန်း ကျောင်း (၂၀၁၆) ခုနှစ်မထိ မရရှိသေးပါ။ ကျန်းမာရေးအတွက် အရံစေတနာ့ဝန်ထမ်း များနှင့်သာ အကူအညီ ရရှိနေကြရပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်း/တံထား/လျှပ်စစ်မီး/ ဆေးဝါး/ စားနပ်ရိက္ခာ အတွက် ဆည်/ မြောင်း အကူအညီများ တစ်စုံတရာမျှ မရရှိသေးပါ။ (၂၀၁၆) ခုနှစ်အထိ

ကျေးရွာ၏ ရွာသက် ၁၉၅ နှစ်ရှိ၊ ချင်းတိုင်းရင်းသား/ သူတို့၏ ဓလေ့/ဘာသာ/ စကား တို့၏ အမွေအနှစ်များဖြစ်သည့် ၁။ မှက်(တ်)မှိန်း အမျိုး (အသင်း)၊ ၂။ တုတ်စုဏ်း (န်) အမျိုး (အသင်း)၊ ၃။ ကွမ်း (လ်) လိမ် (လ်) အမျိုး (အသင်း)၊ ၄။ ဘွန်း (မ်) ဌေး (လ်) အမျိုး (အသင်း)၊ ၅။ ကြဲလ် အမျိုး (အသင်း)၊ ၆။ ဟေ (င်) စိုလ် အမျိုး (အသင်း)၊ ၇။ အေချန်းသောက် (လ်) အမျိုး (အသင်း)၊ ၈။ ရှောက် (လ်) အမျိုး (အသင်း)တို့၏ အမျိုးစောင့်မှု၊ ဘာသာတရားရိုသေမှု စည်းလုံး ညီညွတ်စွာ ပေါင်းသင်းနေထိုင်မှု၊ မိမိတို့၏ ချင်းဘုံ(န်) ဘာသာစကားဖြင့် ယနေ့တိုင် ပြောဆို နေထိုင်လျှက်ရှိမှု၊ စသည်နိုင်ငံရေး အသိပရဟိတအသိစိတ်ဓာတ်ဖြင့် ထိမ်းသိမ်းလျှက် ဖွံ့ဖြိုးတိုးတက်ရေးသို့ သွားကြစေလို ကြောင်း တိုက်တွန်းရေးသားဖော်ပြလိုက်ပါသည်။

သုတေသီ (လုံးဖွန်)

## လုံးခွန်ကျေးရွာ

| | |
|---|---|
| ၁။ လူမျိုး | ချင်း |
| ၂။ ဘာသာ | ဗုဒ္ဓဘာသာ |
| ၃။ ချင်းအသင်း | ၈ သင်း |
| ၄။ စကား | ချင်းဘုံဘာသာစကား |
| ၅။ တည်နေရာ | လုံးခွန်ရွာ၊ ပန်းအိအုပ်စု၊ စေတုတ္တရာမြို့ |
| ၆။ လူဦးရေ | ကျား ၁၁၄၊ မ ၁၃၅ ၊ ပေါင်း |
| ၇။ အိမ်ထောင်စု | ၅၉/ ၆၁ |
| ၈။ တောင်သူ | ၅၅ ဦး |
| ၉။ ခိုင်းနွား | ၆၈ ကောင် |
| ၁၀။နွားလေး၊ နွားမ | ၁၂၉ ကောင် |
| ၁၁။လယ်ဧက | ၆၀ ဧက |
| ၁၂။ယာဧက | ၄၈ ဧက |
| ၁၃။ဘုန်းတော်ကြီးကျောင်း | ၁ ကျောင်း |
| ၁၄။သံဃာတော် | ၁ ပါး |
| ၁၅။မူလတန်းကျောင်းသား | ၃၅ ယောက် |

ကျမ်းကိုးကား။

ဦးကောသလ္လ (ရွာဦးကျောင်းဆရာတော် မှတ်စု)
ဦးဘိုးကြောင် (၈၇) နှစ် (လုံးခွန်)
ဦးသောင်းရှိန် (တန့်လည်ကျင်း) (တပွင်ရွာပတ်ဝန်းကျင်)
ရွာဦးစေတီဟောင်း ကျောက်စာ
ဦးရာခိုင် (လုံးခွန်ရွာသား) မှတ်သားစာ။

## မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဇွန်ကျေးရွာ၏ ကျေးရွာသမိုင်းကြောင်း သုံးသပ်ချက်များ

ရက်စွဲ - ၃၀ - ၁ - ၂၀၁၆

စတင်ဆွေးနွေးချိန် -၄:၃၀ နာရီ
ပြီးဆုံးချိန် - ၅ :၀၀ နာရီ
ကြာချိန် - ၀:၃၀ မိနစ်
နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

လုံးဇွန်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိ အုပ်စု အတွင်းတွင် တည်ရှိပါသည်။ စေတုတ္တရာမြို့နှင့် ( ) မိုင်ခန့် ကွာဝေးပြီး စေတုတ္တရာသို့ သွားလာရာတွင် နွေရာသီတွင် သွားလာရေး လွယ်ကူပြီး မိုးရာသီတွင်မူ ရွှံ့နွံထူထပ်သော ခက်ခဲကြမ်းတမ်း ခရီးလမ်းဖြင့် သွားလာရပါသည်။ ရွာနားနီးချင်းအနေဖြင့် ကျင်းကြီးကျေးရွာနှင့် အနီးစပ်ဆုံး တည်ရှိပါသည်။

စိုက်ပျိုးရေးအနေဖြင့် စပါးကို အဓိကစိုက်ပျိုးကြပါသည်။နှမ်းအမျိုးမျိုး၊ ပြောင်း၊ဝါ စသည့် သီးနှံများကိုလည်း စိုက်ပျိုးလျှက် ရှိပါသည်။ လူဦးရေများပြီး လယ်ဧကနည်းသောကြောင့် လက်လုပ်လက်စားသမားများ ပေါများပြီး ပင်ပန်းဆင်းရဲစွာဖြင့် လုပ်ကိုင်စားသောက်ကြရပါသည်။ လယ်၊ယာလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြရသောကြောင့် ပြင်ပ ဝင်ငွေရရှိရန် အခွင့်အလမ်း အလွန်ပင်နည်းပါးပါသည်။ ချင်းလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကိုးကွယ်ကြပါသည်။ စေတီ၊ ပုထိုး၊ ကျောင်းကန်များရှိပြီး ရွာဦးကျောင်းဆရာတော် တစ်ပါး သီတင်းသုံးလျှက်ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများမှာ ရိုးသားပွင့်လင်းဖော်ရွေကြပါသည်။

ကျေးရွာသမိုင်းကြောင်းကို လက်ဆင့်ကမ်း ထိမ်းသိမ်းထားနိုင်သောကြောင့် ရွာသမိုင်းကြောင်း အပြည့်အစုံကို သိရှိရပြီး " လုံး - ရွှန်း " ရွာ အမည်ဖြင့် (၁၁၈၂) ခုနှစ်တွင် ရွာတည်ခဲ့ကြောင်းကိုလည်း သိရှိရပါသည်။

ကျေးရွာတွင် ပညာရေးအတွက် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော မူလတန်းကျောင်းမှာ ဟောင်းနွမ်း အိုမင်းနေပြီဖြစ်ပါသည်။ ထိုကျောင်းမှ ပညာတတ်လူငယ်များစွာ နှစ်စဉ် မွေးထုတ်ပေးလျှက်ရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အုပ်စုခွဲရွာဖြစ်သောကြောင့် စောင့်ရှောက်မှု အလှမ်းဝေးပြီး အရန်သားဖွားဆရာမဖြင့် ကုသရပါသည်။ အရေးပေါ်

အခြေအနေတွင်မူ နီးစပ်ရာ ဆေးရုံများသို့သွားရန် လမ်းခက်ခဲခြင်း၊ ငွေကြေးခက်ခဲခြင်း စသည့် အခက်အခဲများစွာ ရင်ဆိုင်ကြရပါသည်။

လုံးခွန်ကျေးရွာ၏ အခက်ခဲဆုံး တစ်ခုမှာ " ရေ " ဖြစ်ပါသည်။ ရေတွင်းများရှိသော်လည်း နွေရာသီရောက်သောအခါ ရေခမ်း၍ အလွန်ပင် ရှားပါးပါသည်။ ရေတွင်းများတူး၍ ရေရှိရန် ရွာသူ၊ ရွာသားများ ကြိုးစားကြသော်လည်း ရေအရင်းအမြစ် ရှားပါးမှုပြဿနာကြောင့် အခက်အခဲကြုံနေရပါသည်။ လူထုဗဟိုပြု စီမံကိန်းစနစ်ဖြင့် ရေပေးရေးလုပ်ငန်း လုပ်ကြသောကြောင့် ရေရှိသော်လည်း ဝေပုံကျစနစ်ဖြင့် ချွေတာသုံးစွဲနေကြရပါသည်။ မည်သည့် နည်းစနစ်ဖြင့် ဖြစ်စေ ရေပေါများစွာရရှိပါက ကျေးရွာသူ၊ ကျေးရွာသားများ ပျော်ရွှင်ဖွယ်နေ့ရက်များဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - လုံးခွန်ဆရာတော်၊ဦးမောင်ရီ၊ ဦးစံဌေး၊ ဒေါ်ဝင်းဝင်းမူ၊ဒေါ်ဝင်းတင်

ပါဝင်ဆွေးနွေးသူ - ကျား ( ၆ )၊ မ ( ၅ )

# လူထုပူးပေါင်းပါဝင်သော လူမှု ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၃၁.၁.၂၀၁၅ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၁ | ၁၈ | ၃၉ | ကျေးရွာလူမှု စီးပွားအုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း။ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) | ၃၁.၁.၂၀၁၅ | ကော်မတီဝင် အမျိုးသမီး၊ အမျိုးသားများ | ၂၃ | ၁၆ | ၃၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ ဂမ်းစာဖူလုံမှုနှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ သယံဇာတ မြေပုံ (Social Map/ Resource Map) | ၃၁.၁.၂၀၁၅ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၂၈ | ၃၁ | ၅၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊ မြစ်ချောင်း၊ ရေတွင်း၊ ရေကန်၊ သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၃၁.၁.၂၀၁၅ | အမျိုးသား၊ အမျိုးသမီးများ၊ | ၂၁ | ၁၈ | ၃၉ | ဆွေးနွေးထားသော အခြေခံ အဆောက်အဦးများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ။ |
| ၅ | ကျေးရွာ၏ ငါးနှစ်စာ ဦးစားပေး အစီအစဉ် (Pair Wise) | ၃၁.၁.၂၀၁၅ | အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊ ရပ်မိရပ်ဖ အုပ်စု | ၁၄ | ၁၇ | ၃၁ | အကျိုးပြဦးရေ၊ အကျိုးခံစားခွင့်နှင့် အဓိကလိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၃၁.၁.၂၀၁၅ | ကျေးရွာလူမှုဖွံ့ဖြိုး ရေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၂၃ | ၁၆ | ၃၉ | ကျေးရွာတွင်ရှိ အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးလုငန်းအတက် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၃၁.၁.၂၀၁၅ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၃ | ၁၆ | ၃၉ | အမျိုးသား၊ အမျိုးသမီးများ တန်းတူ အခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | အမျိုးသား၊ အမျိုးသမီး၏ တစ်နေ့တာလုပ်ငန်း သုံးသပ်မှု (Men/Women timeline) | ၃၀.၁.၂၀၁၉ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၄ | ၁၆ | ၄၉ | အမျိုးသမီး၊ အမျိုးသားများ၏ တစ်နေ့တာ အလုပ်ချိန်နှင့် အားလပ်ချိန်များ သုံးသပ်ချက် |
| ၉ | အိမ်မက်ပြမြေပုံ (Dream Map) | ၃၁.၁.၂၀၁၉ | ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၈ | ၃၁ | ၅၉ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေလိုသော အနာဂတ် မြင်ကွင်းများ ထည့်သွင်းရေးဆွဲခြင်း။ |
| ၁၀ | ကျေးရွာသမိုင်းကြောင်း (Village History) | ၃၁.၁.၂၀၁၉ | ကျေးရွာစီထောက် နှင့် ကျေးရွာလူထု | ၆ | ၅ | ၁၁ | ကျေးရွာဖြစ်ပေါ်လာပုံ သမိုင်းကြောင်း |

ကျေးရွာ၏ အနာဂတ် ပုံရိပ် အိပ်မက်ပြ မြေပုံ ရေးဆွဲခြင်း

မြို့နယ် ...ကော့ကရိတ်... ကျေးရွာအုပ်စု ...ယင်းနှင်း... ကျေးရွာ ...ညိုးကွန်......... ရက်စွဲ ၃၀-၁-၂၀၁၆




ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈

မ - ၃၁

စေတီ

ဘုန်းတော်ကြီးကျောင်း

သိမ်

စုရပ်ဆောင်

ရေစက်ကွင်း

ရေတွင်း

ရေကန်

သစ်တော

တောင်တန်း

လယ်ကွင်း

ချောင်းကူးတံတား

မီးတိုင်

စာသင်ကျောင်း

ကျောင်းဆရာမ နေအိမ်

အိမ်

မှတ်တမ်းတင်သူ

ဒေါ်ရှောက် (CF)

ကျေးရွာ၏ သဘာဝသယံဇာတ အရင်းအမြစ်နှင့် လူမှုရေးပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - ရေတာရှည် ကျေးရွာအုပ်စု - [illegible] ကျေးရွာ - [illegible] - ရက်စွဲ - ၃၀-၁-၂၀၁၆




ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈

မ - ၃၁

| | |
|---|---|
| စေတီ | သစ်တော |
| ဘုန်းတော်ကြီးကျောင်း | တောင်တန်း |
| သိမ် | လယ်ကွင်း |
| ဇရပ်ဆောင် | ချောင်းကူးတံတား |
| ရေစက်ကွင်း | မီးတိုင် |
| ရေတွင်း | စာသင်ကျောင်း |
| ရေကန် | ကျောင်းဆရာမ နေအိမ် |
| ရေပုံး | အိမ် |

မှတ်တမ်းတင်သူ

ဒေါ်[illegible] (CF)

ပါဝင်ဆွေးနွေးသူ -

ကျား - ၂၈

မ - ၃၁

မှတ်တမ်းတင်သူ

ဒေါ်[illegible] (CF)

# မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဖွန်ကျေးရွာ၏ သဘာဝသယံဇာတအရင်းအမြစ်နှင့် လူမှုရေးပြမြေပုံသုံးသပ်ချက်

နေ့စွဲ၊ ၃၀ - ၁ - ၂၀၁၆
စတင်ဆွေးနွေးချိန် - ၁:၀၀ နာရီ
ပြီး ဆုံး ချိန် - ၂ : ၀၀ နာ ရီ
ကြာချိန် - ၁ : ၀ ၀ နာရီ
နေရာ- ရွာဦးဘုန်းတော်ကြီးကျောင်း

လုံးဖွန်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု အတွင်းတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ အုပ်စုခွဲကျေးရွာဖြစ်၍ အိမ်ခြေ (၆၁)အိမ် ရှိပါသည်။ အမျိုးသားအိမ်ထောင်ဦးစီး (၅၇)အိမ်၊ အမျိုးသမီး အိမ်ထောင်ဦးစီး(၄)အိမ် ရှိပြီး လူဦးရေမှာ ကျား (၁၁၄)၊ မ( ၁၃၅) ယောက်ရှိပြီး စုစုပေါင်းလူဦးရေမှာ (၂၄၉) ယောက်ရှိပါသည်။ ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်ပြီး ဘုရား၊ကျောင်း၊ စေတီပုထိုးများ တွေ့ရှိနိုင်ပါသည်။

လုံးဖွန်ကျေးရွာ မြောက်ဘက်တွင် တောင်ကုန်း၊ တောင်တန်း၊ သစ်တောများရှိပါသည်။ ရွာ၏အရှေ့ဘက်နှင့်တောင်ဘက်တွင် လယ်ကွင်းများ ရှိပြီး လယ်ယာလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ လတ်တလော ရေကြီးမှုကြောင့် လယ်၊ ယာမြေ ချောင်း၊မြောင်းများ ရေတိုက်စား ခံရပြီး ကျေးရွာသူ၊ ကျေးရွာသားများမှာ ပင်ပန်းဆင်းရဲစွာဖြင့် ရေသွင်းမြောင်းများ ပြုပြင်ကြရ ပါသည်။

လုံးဖွန်ကျေးရွာ၏ ရွာတွင်းလမ်းများသည် နွေရာသီတွင် ဖုန်ထူထပ်၍ မိုးရာသီတွင် တောင်ကျရေများကြောင့် ရွာထဲသို့ ရေတရဟောစီးဆင်းပြီး ရွာတွင်းလမ်း များပျက်ခါ ရွှံ့နွံထူထပ်ပါသည်။ "လူထုဗဟိုပြုစီမံကိန်း" ဖြင့် ဒုတိယနှစ် ရေကျော် နှင့် မြောင်းများ လုပ်ရန် လျာထားပါသည်။

ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဝင်ရောက်မှုနည်းပါးပြီး ကျေးရွာလူထုမှလည်း ငွေကြေးချို့တဲ့သောကြောင့် ပြုပြင်စရာများစွာရှိ၍ ဖွံ့ဖြိုးမှု နောက်ကျနေခဲ့ရပါသည်။

ရွာလူထုဦးရေနှင့်နှိုင်းယှဉ်ပါက လယ်မြေဧက နည်းပါးပြီး လက်လုပ်လက်စားများ ရှိပါသည်။ တောင်ယာလုပ်ငန်းများမှအပ ဝင်ငွေရရှိနိုင်သည့် အခွင့်အလမ်းနည်းပါးပြီး စားဝတ်နေရေး အဆင်ပြေရန် ဘဝကို ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းနေကြရပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ ၂၁-၁-၂၀၁၆

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | အိမ်ထောင်စုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးရေး | ရေမြောင်းပြုပြင် | ပျိုးကျဲ | ပျိုးကျဲ | စပါးပျိုးကျဲ | ကောက်စိုက် | ပျိုးကိုက် | ပဲကျဲ | စပါးရိတ် | စပါးရိတ် | ပဲသိမ်း | ပဲသိမ်း | ပဲသိမ်း | |
| ဈေးရောင်းရေး | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |
| ကျန်းမာရေး အလုပ်သမား | * အလုပ်ပါး | ** | *** | ** | *** | *** | ** | *** | *** | ** | ** | ** | |
| ဘာသာရေးပွဲ | သင်္ကြန်ပွဲ | – | – | ဝါတွင်းဘုရားဆွမ်းကျွေးပွဲ | ဝါတွင်းဘုရားဆွမ်းကျွေးပွဲ | ဝါတွင်းဘုရားဆွမ်းကျွေးပွဲ | မီးထွန်းပွဲတော် | တန်ဆောင်တိုင်ပွဲတော် | – | သင်္ဘောဆွမ်းကပ်ပွဲ | ထမနဲပွဲ | – | |
| ရာသီဥတု | | | | | | | | နှင်းကျ | နှင်းကျ | နှင်းကျ | နှင်းကျ | | |
| စားနပ်ရိက္ခာဖူလုံမှု | ** | * | * | * | * | ** | ** | ** | *** | *** | *** | ** | |
| ဝင်ငွေ / ထွက်ငွေ | * / ** | * / *** | *** / *** | ** / *** | ** / *** | *** / ** | ** / *** | *** / *** | *** / *** | *** / ** | ** / *** | ** / ** | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |

# မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဗွန်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်များ

ရက်စွဲ - ၃၀ - ၁ - ၂၀၁၆

စတင်ဆွေးနွေးချိန် -၁:၄၅ နာရီ

ပြီးဆုံးချိန် - ၂ :၁၅ နာရီ

ကြာချိန် - ၀:၃၀ မိနစ်

နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဗွန်ကျေးရွာ၏ ရာသီခွင်ပြက္ခဒိန်ကို သုံးသပ်ရာတွင် စိုက်ပျိုးရေးအနေဖြင့် မိုးရွာပါက ကဆုန်လနှင့်နယုန်လ တွင် နှမ်းကျဲ၍ အင်မတန် အလုပ်ရှုပ်သော ကာလဖြစ်ပါသည်။ ဝါဆိုလတွင် လယ်ရေသွင်းစနစ် ဖြင့် စပါးစိုက်ပျိုးရေးအတွက် ပျိုးထောင်ရသော လရာသီဖြစ်ပါသည်။ ဝါခေါင်လတွင် ကောက်စိုက်ရ၍ တော်သလင်းတွင် နှမ်းရိတ်ကာ သီတင်းကျွတ်လတွင် ပဲကျဲခြင်းဖြင့် အနှောင်း ခင်းများအတွက် ပြင်ဆင်နေကြရပါသည်။ တန်ဆောင်မုန်းလတွင် စပါးရိတ်၍ နတ်တော်လ တွင်မူ လယ်ကွင်းထဲများတွင် တဲအုံများထိုးလျှက် တလင်းတွင် နွားဖြင့် စပါးနယ်ကာ တောင်သူစည်းစိမ်ကို အပြည့်အဝခံစားနေချိန်ဖြစ်ပါသည်။ ပြာသိုလမှ တပေါင်းလအထိ ပဲများ သိမ်းကြရ၍ လယ်သမားဦးကြီးများအဖို့ အားလပ်သော လရာသီဟူ၍ မရှိပါ။

မွေးမြူရေးနှင့်ပတ်သက်၍ လယ်၊ယာ ထွန်ယက်ရန် မရှိမဖြစ်သော နွားများကို မွေးမြူကြပါသည်။ကြက်နှင့်ဝက်များကိုလည်း တပိုင်တနိုင် မွေးမြူကြပါသည်။

ကျပန်း အလုပ်သမားများအနေဖြင့် စိုက်ပျိုးရိတ်သိမ်းချိန်များ လှိုင်သောအခါ အငှားလိုက်ကြရပြီး နတ်တော်မှ တပို့တွဲအထိသည် အပေါဆုံးကာလဖြစ်ကာ ကျန်ကာလမှာ အသင့်အတင့် အနေအထားဖြစ်ပါသည်။

ကျေးရွာ၏ ဝင်ငွေ /ထွက်ငွေများမှာ လယ်၊ယာ စိုက်ပျိုးရေးသည် အဓိက စီးပွားရေး လုပ်ငန်းဖြစ်သောကြောင့် သီးနှံပေါ်သော အချိန်များတွင် ဝင်ငွေကောင်းပါသည်။

## ပြဿနာအနှစ်ချုပ်

လုံးဗွန်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်၊ ယာလုပ်ငန်းဖြစ်သောကြောင့် စပါးစိုက်ပျိုးခြင်း၊ ပဲစိုက်ပျိုးခြင်းများတွင်သာ အငှား လိုက် ကြရပြီး ပြင်ပမှ ဝင်ငွေရရှိရန် အလုပ်အကိုင် အခွင့်အလမ်း အလွန်နည်းပါးသည်။ သို့ဖြစ်၍ လယ်၊ယာမြေ မရှိသော မိသားစုများမှာ အလွန်ခက်ထန်ကြမ်းတမ်းလှသော ဘဝလမ်းကို လျှောက်လမ်းနေကြရမည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးစံဌွေး၊ ဦးမောင်ဝင်း၊ဒေါ်လှဝင်း၊ဒေါ်နုနုဝင်း၊ဒေါ်သန္တာဦး

ပါဝင်ဆွေးနွေးသူ - ကျား (၂၃)၊ မ ( ၁၆ )

ဖွံ့ဖြိုးမှုနောက်ကျပြီး စားဝတ်နေရေး ခက်ခဲသောကြောင့် ဝင်ငွေရရှိနိုင်မည့် နည်းလမ်းများ ရရှိရန် လိုအပ်နေကြောင်း သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးမောင်ရီ ၊ ဒေါ်စန်းမော်ဦး၊ ဒေါ်ချိုမာဝင်း၊ ဦးစံလင်း
ပါဝင်ဆွေးနွေးသူ - ကျား (၂၃)၊ မ (၁၆)

ကျေးရွာနှင့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြမြေပုံ

ရက်စွဲ ၃၀-၁-၂၀၁၆



**မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊လုံးဗွန်ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြမြေပုံ သုံးသပ်ချက် များ။**

ရက်စွဲ - ၃၀ -၁ - ၂၀၁၆

စတင်ဆွေးနွေးချိန် - ၂:၄၀ နာရီ
ပြီးဆုံးချိန် - ၃ :၂၀ နာရီ
ကြာချိန် - ၀:၄၀ မိနစ်
နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဗွန်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံကို သုံးသပ်ရာတွင် ရွာတွင်းအဖွဲ့အစည်းများနှင့် ရွာအပြင် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုများကို သိရှိရပြီး အရေးကြီး၊ အသင့်အတင့်၊ အနည်းငယ် အရေးကြီးဟု ခွဲခြားထားသည်။

ရွာတွင်း အဖွဲ့အစည်း (၁၁)ခုရှိပြီး ၎င်းတို့မှာ အုပ်ချုပ်ရေးမှူး ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ၊ လူထုဗဟိုပြုစီမံကိန်း၊ ရေကော်မတီ၊ Save The Children စသည့်အဖွဲ့များသည် ရွာ၏ သာရေး၊ နာရေး ကိစ္စရပ်များတွင် ဦးဆောင်ဆွေးနွေး ပူးပေါင်းဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

အချိတ်ဆက်ပြမြေပုံကို အသုံးပြုခြင်းအားဖြင့် ရွာတွင်းအဖွဲ့အစည်းများနှင့် ရွာ့အပြင် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု သိရှိနိုင်ပြီး လိုအပ်ပါက ဆက်သွယ်ချိတ်ဆက်ရမည့် ဌာနများကိုလည်း သိရှိနိုင်ကြောင်း သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးလင်းလင်း၊ ဦးစံရှိန်၊ ဦးချစ်ဖေ၊ ဒေါ်သန္တာဦး၊ ဒေါ်စောကြည်၊
ပါဝင်ဆွေးနွေးသူ - ကျား ( ၂၃ )၊ မ ( ၁၆ )

# အမျိုးသား၊ အမျိုးသမီး တစ်နေ့တာ အချိန်ဇယား

ရက်စွဲ ၃၁ - ၁ -၂၀၁၆

| အချိန် | အမျိုးသမီး တစ်နေ့တာ လုပ်ဆောင်ချက် |
|---|---|
| ၁:၀၀ | ကလေးအနှီးလဲ၊ နို့တိုက် |
| ၂:၀၀ | အိပ်စက်အနားယူသည်။ |
| ၃:၀၀ | အိပ်စက်အနားယူသည်။ |
| ၄:၀၀ | ကလေးအနှီးလဲ၊ နို့တိုက်၊ ထမင်းချက် |
| ၅:၀၀ | ဆွမ်းတော်ကပ်၊ဆွမ်းထုပ်၊ထမင်းပြင် |
| ၆:၀၀ | ထမင်းစား၊လုပ်ငန်းသို့သွားသည်။ |
| ၇:၀၀ | ။ |
| ၈:၀၀ | ။ |
| ၉:၀၀ | ။ |
| ၁၀:၀၀ | အိမ်ပြန်ထမင်းချက်ရန်ပြင် |
| ၁၁:၀၀ | ထမင်းချက်၊ရေချိုး၊အဝတ်လျှော် |
| ၁၂:၀၀ | မိသားစုထမင်းစား၊ဝက်စာကျွေး |
| ၁၃:၀၀ | နွားစာကျွေး၊ကလေးနို့တိုက်၊အိပ် |
| ၁၄:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၅:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၆:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၇:၀၀ | ထမင်းချက်၊ရေခပ်၊ ဝက်စာကျွေး |
| ၁၈:၀၀ | ရေချိုး၊အဝတ်လျှော် |
| ၁၉:၀၀ | မိသားစုထမင်းစား၊ကလေးစာပြ |
| ၂၀:၀၀ | မိသားစုလုပ်ငန်းတိုင်ပင်ဆွေးနွေး |
| ၂၁:၀၀ | ဆီမီးကပ်၊ဘုရားရှိခိုး၊အိပ်ယာပြင် |
| ၂၂:၀၀ | အိပ်စက်အနားယူသည်။ |
| ၂၃:၀၀ | ။ |
| ၂၄:၀၀ | ။ |

| အချိန် | အမျိုးသားတစ်နေ့တာ လုပ်ဆောင်ချက် |
|---|---|
| ၁:၀၀ | အိပ်စက်အနားယူသည်။ |
| ၂:၀၀ | ။ |
| ၃:၀၀ | ။ |
| ၄:၀၀ | လုပ်ငန်းသို့သွားရန်ပြင်ဆင်သည် |
| ၅:၀၀ | ထမင်းစားလုပ်ငန်းသို့သွားသည် |
| ၆:၀၀ | လုပ်ငန်းခွင်တွင် အလုပ်လုပ်သည်။ |
| ၇:၀၀ | ။ |
| ၈:၀၀ | ။ |
| ၉:၀၀ | ။ |
| ၁၀:၀၀ | ။ |
| ၁၁:၀၀ | အိမ်ပြန်၊ ရေချိုး |
| ၁၂:၀၀ | မိသားစုထမင်းစား |
| ၁၃:၀၀ | အိပ်စက်အနားယူသည်။ |
| ၁၄:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၅:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၆:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၇:၀၀ | လုပ်ငန်းခွင်သို့ အလုပ်သွားလုပ် |
| ၁၈:၀၀ | အိမ်ပြန်၊ ရေချိုး |
| ၁၉:၀၀ | မိသားစု ထမင်းစား |
| ၂၀:၀၀ | မိသားစုလုပ်ငန်းတိုင်ပင်ဆွေးနွေး |
| ၂၁:၀၀ | ဘုရားဝတ်ပြု |
| ၂၂:၀၀ | အိပ်သည်။ |
| ၂၃:၀၀ | အိပ်သည်။ |
| ၂၄:၀၀ | အိပ်သည်။ |

မှတ်တမ်းတင်သူ

ဦးထူးမြတ်ကျော် (CF )

**မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊လုံးဇွန်ကျေးရွာတွင် ရှိသော အမျိုးသား၊အမျိုးသမီးများ၏ တစ်နေ့တာ လုပ်ငန်းလုပ်ချိန် အချိန်ဇယားအား သုံးသပ်ချက်များ။**

ရက်စွဲ - ၃၀ - ၁ - ၂၀၁၆

စတင်ဆွေးနွေးချိန် - ၃:၂၀ နာရီ

ပြီးဆုံးချိန် - ၄ :၀၀ နာရီ

ကြာချိန် - ၀:၄၀ မိနစ်

နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

လုံးဇွန်ကျေးရွာ၏ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် (၃၀ - ၁- ၂၀၁၆) နေ့က လုံးဇွန်ကျေးရွာ၏ အမျိုးသား ၊ အမျိုးသမီးများ တစ်နေ့တာ လုပ်ငန်းလုပ်ချိန်ဇယားကို သုံးသပ်သည့် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။

ကျေးရွာ အမျိုးသမီးများသည် နံနက်(၄)နာရီ ထိုးအချိန်တွင် ထမင်းချက်ထပါသည်။ (၅)နာရီ အချိန်တွင် ဆွမ်းတော်ကပ်၊ ဆွမ်းထုပ်၍ ပြင်ဆင် (၆)နာရီ အချိန်တွင် လုပ်ငန်းခွင်သို့ သွားစသည်ဖြင့် တစ်နေ့တာ နိတ္တဓူဝ လုပ်ငန်းများဖြင့် လည်ပတ်နေရပြီး အမျိုးသမီးများ၏ လုပ်ငန်းလုပ်ချိန်ကို ကြည့်ပါက အလုပ်လုပ်ချိန်(၁၇)နာရီ အလုပ်လုပ်ပြီး နားနေချိန် (၇)နာရီ ခန့်သာရှိကြောင်း တွေ့ရှိရာ တစ်နေ့တာ (၂၄)နာရီ တွင် နားနေချိန် နည်း၍ နည်းမည်မပေါ် ဝင်ငွေမရသော လုပ်ငန်းများဖြင့် အလုပ်များနေကြောင်း သုံးသပ်မိပါသည်။

အမျိုးသား၊ အမျိုးသမီးများမှာ အမျိုးသမီးလောက် ဗာယီရ မများပဲ လုပ်ငန်းကို တစ်ခုထဲ သတ်သတ်မှတ်မှတ် လုပ်နေခွင့် ရှိပါသည်။ တစ်ရက်တာ (၂၄)နာရီ လုပ်ငန်းလုပ်ချိန် တွင် အမျိုးသားများ၏ လုပ်ငန်းချိန်မှာ (၁၂)နာရီ ရှိပြီး နားနေချိန်မှာ (၁၂)နာရီခန့် ရှိကာ အမျိုးသမီးများထက် လုပ်ငန်းလုပ်ချိန် နည်းကာ နားနေချိန်များကြောင်း သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးမောင်ရီ၊ ဦးဇော်ထွန်း၊ ဒေါ်ဝင်းတင်၊ ဒေါ်စန်းမော်ဦး

ပါဝင်ဆွေးနွေးသူ - ကျား ( ၂၃ ) ၊ မ ( ၁၆ )

ပင့်ကူအိမ် သုံးသပ်ခြင်း ( Cobweb )

အမျိုးသမီး အဖွဲ့ / အမျိုးသား အဖွဲ့

— ကျား
----- မ

ရက်စွဲ ၃၀.၁.၂၀၁၆



## မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဖွန်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးကဏ္ဍပြ ပင့်ကူမျှင်အိမ်မြေပုံ သုံးသပ်ချက်များ

ရက်စွဲ - ၃၀ - ၁ - ၂၀၁၆

စတင်ဆွေးနွေးချိန် -၄:၀၀ နာရီ

ပြီးဆုံးချိန် - ၄ :၃၀ နာရီ

ကြာချိန် - ၀:၃၀ မိနစ်

နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

ပန်းအိအုပ်စု၊ လုံးဖွန်ကျေးရွာ၏ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် အစည်းအဝေး ပြုလုပ်ရာ၌ အမျိုးသားနှင့်အမျိုးသမီးများ၏ အခြေအနေသုံးသပ်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အမျိုးသားနှင့်အမျိုးသမီးများ၏ ကဏ္ဍအခြေအနေသုံးသပ်ချက်များကိုခေါင်းစဉ်(၈) ခုဖြင့်ဆွေးနွေးခဲ့ကြပါသည်။(၁)အလုပ်အကိုင်အခွင့်အလမ်း၊ (၂)ခေါင်းဆောင်နိုင်မှု အခြေအနေ၊ (၃) အိမ်မှုကိစ္စဆောင်ရွက်မှု၊ (၄) ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊(၅)လုံခြုံစိတ်ချမှု၊ (၆) ပညာသင်ကြား ခွင့်ရရှိမှု၊ (၇) လူမှုရေးကိစ္စတွင် ဆုံးဖြတ်ချက်ချနိုင်မှု၊ (၈)ဝင်ငွေရရှိမှု တို့ ဖြစ်သည်။

### အလုပ်အကိုင်အခွင့်အလမ်း

လုံးဖွန်ကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု သုံးသပ်ချက်တွင် အမျိုးသားများသည် (၈၀%)နှင့်အမျိုးသမီးများသည် (၅၀%)သာ ရရှိပါ သည်။ အမျိုးသမီးများသည် အမျိုးသားများထက် အခွင့်အလမ်းနည်းပါးရခြင်းမှာ ကျေးရွာ တွင်အမျိုးသားများသာ လုပ်ကိုင်နိုင်သောလုပ်ငန်း များပြားခြင်း၊ လုပ်သားငှားရမ်းရာတွင် အမျိုးသားများကိုသာ ငှားရမ်းလိုကြခြင်း အမျိုးသမီးများ လုပ်ကိုင်နိုင်သော လုပ်ငန်းများ နည်းပါးခြင်း၊ အမျိုးသမီးများ ဝေယျာဝစ္စများပြားခြင်း တို့ကြောင့် ဖြစ်သည်။

### ခေါင်းဆောင်နိုင်မှုအခြေအနေ

အမျိုးသားများသည် (၈၀%) ခေါင်းဆောင်ကြပြီး အမျိုးသမီးများမှဦ(၃၀%)သာ ဦးဆောင်နိုင်ကြောင်း သိရှိရသည်။အမျိုးသမီးများ ရာခိုင်နှုန်းနည်းရခြင်းမှာ ခေတ်အဆက် ဆက်တွင် အမျိုးသားများသာ ဆုံးဖြတ်ခွင့် အခွင့်အလမ်းများသောကြောင့်ငှင်း ပတ်ဝန်းကျင် နယ်ပယ်သစ်တွင် အမျိုးသားများသာ သွားခွင့်သာ၍ ဗဟုသုတ အသိအမြင် ပွင့်လင်းကြသော ကြောင့်၄င်း၊ အမျိုးသမီးများမှာ အိမ်ထဲတွင်သာ အနေများသောကြောင့်လည်း ဖြစ်ပါသည်။

**အိမ်စောင့်ရှောက်မှု**

အိမ်စောင့်ရှောက်မှုတွင် အမျိုးသားများမှာ (၅၀%)ရှိပြီး အမျိုးသမီးများမှာ (၈၀%) ရှိပါသည်။ အမျိုးသမီးများမှာ မိမိတို့ လုပ်ငန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်ရှိသောကြောင့် ရာခိုင်နှုန်းများ ပြီး အမျိုးသားများမှာ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေရန် ပြင်ပလုပ်ငန်းများ လုပ်နေရသောကြောင့် လစ်ဟာမှုများ ရှိနေရခြင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု**

လုံးဗွန်ကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီးများ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု သုံးသပ်ချက်တွင် ကျား (၇၀%)နှင့် မ (၃၀%) သာပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ လုံးဗွန်ကျေးရွာသည် ချင်းလူမျိုးများသာ နေထိုင်သောကြောင့် ဓလေ့ထုံးထမ်းစဉ်လာများအရ အမျိုးသားများမှ ပိုင်ဆိုင်မှုများကြောင်း သိရှိရပါသည်။

**လုံခြုံစိတ်ချမှု**

လုံခြုံစိတ်ချမှု သုံးသပ်ရာတွင် အမျိုးသား (၁၀၀%)နှင့် အမျိုးသမီး (၅၀%) လုံခြုံမှု ရှိပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် ခန္ဓာဗေဒ ဖွဲ့စည်းပုံချင်း မတူညီသော ကြောင့် ဖြစ်သည်။

**ပညာရေးလက်လှမ်းမှီမှု**

ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသား(၅၀%)၊ အမျိုးသမီး(၅၀%) တန်းတူရှိ နေပါသည်။ ပညာရေးစနစ်ကို ဦးစားပေးနေသော ခေတ်ဖြစ်သောကြောင့် ပညာရေးတွင် တန်းတူ လက်လှမ်းမှီမှု ရရှိပါသည်။

**လူမှုရေးကိစ္စတွင် ဆုံးဖြတ်ချက်ချခြင်း**

လူမှုရေး ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချရာတွင် ကျား (၇၅%)၊ မ (၅၀%)ရှိပါသည်။အမျိုးသားများသည် အမျိုးသမီးများထက် ဆုံးဖြတ်ချက်ချရာတွင် ရာခိုင်နှုန်းများပါသည်။

**ဝင်ငွေရရှိမှု**

ဝင်ငွေရရှိမှုတွင် အမျိုးသား (၇၅%)နှင့် အမျိုးသမီး(၄၀%)သာရှိပါသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ရာခိုင်နှုန်း များနေရခြင်းမှာ မိသားစုစားဝတ်နေရေး အတွက် ဝင်ငွေရှာဖွေရာတွင် အမျိုးသားများသာ အများအားဖြင့် ရှာဖွေနိုင်သောကြောင့် ဖြစ်ပါသည်။

## ပြဿနာအနှစ်ချုပ်

နေ့စဉ် ဝင်ငွေရရှိနိုင်သော လုပ်ငန်းများ မရှိခြင်း၊ အမျိုးသမီးများလုပ်ကိုင်ဆောင်ရွက်နိုင်သော လုပ်ငန်း နည်းပါးခြင်း။

ဦးဆောင်ဆွေးနွေးသူ - ဦးစံလင်း၊ ဦးကျော်ဒုံး၊ ဒေါ်ဝင်းဝင်းမူ၊ ဒေါ်ချိုမာဝင်း။

ပါဝင်ဆွေးနွေးသူ - ကျား (၂၃)၊ မ (၁၆ )

## ဥစ္စာဓနအဆင့်ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် - **စေတုတ္တရာ** ကျေးရွာအုပ်စု - **ပန်းအိ** ကျေးရွာ - **လုံးဇွန်** ရက်စွဲ-၃၁-၁-၂၀၁၆

| အကြောင်းအရာ | ချမ်းသာ | အလယ်အလတ် | နွမ်းပါး |
|---|---|---|---|
| နေအိမ်အခြေအနေ | ပျဉ်ခင်း၊ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ဝါးထရံကာ၊ သက္ကယ်မိုး | ဝါးခင်း၊ဝါးထရံကာ သက္ကယ်မိုး၊ |
| စက်ပစ္စည်းပိုင်ဆိုင်မှု | ဟာလာစပါးစက်၊ ဆိုင်ကယ်၊အပ်ချုပ်စက် တီဗွီ | အပ်ချုပ်စက် | - |
| လယ်ယာမြေပိုင်ဆိုင်မှု | ၂ - ဧက | ၁ -ဧက | - |
| ကျွဲ၊ နွား ပိုင်ဆိုင်မှု | ၂ - ကောင် အထက် | ၂ - ကောင် | - |
| တနှစ်ပျမ်းမျှဝင်ငွေ | ၂၀ သိန်း | ၁၅ သိန်း | ၁၀ သိန်း |
| စားနပ်ရိက္ခာဖူလုံမှု | ၁ နှစ်စာ | ၆ လစာ | ၁ လစာ |
| **စုစုပေါင်းအိမ်ထောင်စု** | **၇ အိမ်** | **၂၄ အိမ်** | **၃၀ အိမ်** |

| စဉ် | ချမ်းသာ | အလယ်အလတ် | နွမ်းပါး |
|---|---|---|---|
| ၁။ | ဦးဘသိန်း | ဦးအောင်သန်း | ဒေါ်ခင်အေးမူ |
| ၂။ | ဦးမောင်ဇော် | ဦးစောလှအောင် | ဦးလှမိုး |
| ၃။ | ဦးမောင်ဦး | ဦးစိန်ဖေ | ဦးထွန်းဖေ |
| ၄။ | ဦးကျော်သန်း | ဦးစံဝင်း | ဦးဖိုးထွား |
| ၅။ | ဦးဖိုးကွယ် | ဦးကျော်မဲ | ဦးဝင်းငွေ |
| ၆။ | ဦးဝင်းရွှေ | ဦးဖေသန်း | ဒေါ်ဖြူ |
| ၇။ | ဦးမောင်ကြီး | ဦးစံရှိန် | ဦးအောင်ဂျမ်း |
| ၈။ | | ဦးဇော်မင်းထွန်း | ဦးဝင်းသိန်း |
| ၉။ | | ဦးမျိုးမြင့် | ဦးမိုးမိုး |
| ၁၀။ | | ဦးမောင် | ဦးဇာမျိုး |
| ၁၁။ | | ဦးဉာဏ်ဝင်း | ဦးဇော်ထိုက် |
| ၁၂။ | | ဦးဇော်ထွန်း | ဦးလှကြွား |
| ၁၃။ | | ဦးမောင်ထွေး | ဦးဖိုးအိတ် |
| ၁၄။ | | ဦးမြင့်နိုင် | ဦးအောင်နိုင်ဝင်း |
| ၁၅။ | | ဦးလှသိန်း | ဒေါ်စန္ဒာဝင်း |
| ၁၆။ | | ဦးမောင်မဲ | ဦးအောင်ဘ |
| ၁၇။ | | ဦးမင်းမင်း | ဦးစိန်အောင်မင်း |
| ၁၈။ | | ဦးမောင်ရီ | ဒေါ်မလေး |
| ၁၉။ | | ဦးခင်မောင်သန်း | ဦးသိန်းမောင် |
| ၂၀။ | | ဦးဖိုးခုံ | ဦးမောင်ပို |
| ၂၁။ | | ဦးကိုလေး | ဦးလင်းလင်း |
| ၂၂။ | | ဦးထွန်းရင် | ဦးမင်းထိုက် |
| ၂၃။ | | ဦးစံလင်း | ဦးမောင်စိုး |
| ၂၄။ | | ဦးနေထွန်း | ဦးချစ်ဆန်း |
| ၂၅။ | | | ဦးဖိုးပြား |
| ၂၆။ | | | ဦးချစ်ဖေ |
| ၂၇။ | | | ဦးခင်မောင်သန်း(လေး) |
| ၂၈။ | | | ဦးထွန်းလှ |
| ၂၉။ | | | ဦးသာဒွန်းအောင် |
| ၃၀။ | | | ဦးစောမောင် |

## မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးဖွန်ကျေးရွာ၏ ဥစ္စာဓနခွဲခြားမှု သုံးသပ်ချက်များ

ရက်စွဲ - ၃၀ -၁- ၂၀၁၆

နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

လုံးဖွန်ကျေးရွာ၏ အဓိကစီးပွားရေးအရင်းအမြစ်မှာ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်း ဖြစ်သည်။တောသူ တောင်သားများသာ ဖြစ်သောကြောင့် တောလေ့ ထုံးစံများအရ နေအိမ် အခြေအနေမှာ ပျဉ်ထောင်အိမ်၊ ဝါးထရံအိမ်၊ ဝါးအိမ်တို့ဖြစ်ပြီး အမိုးမှာ အိမ်ခြေ အနည်းငယ် သာ သွပ်မိုးနိုင်ကြပြီး အများစုမှာ သက္ကယ်မိုးကြပါသည်။ အဆင်ပြေ ( ၇)အိမ်၊ အသင့်အတင့် (၂၄) အိမ်နှင့် သာမန်(၃၀)အိမ်ဟု သတ်မှတ်ခဲ့ကြပါသည်။

စက်ပစ္စည်းပိုင်ဆိုင်မှု အနေဖြင့် ဟာလာစပါးစက်၊ ဆိုင်ကယ်၊ တီဗွီစသည်တို့ ပိုင်ဆိုင် ကြပါသည်။လယ်မြေဧကပိုင်ဆိုင်မှုတွင် အများဆုံး(၂)ဧကပိုင်ဆိုင်ကြပြီး (၁)ဧကပိုင်ဆိုင်သူများ ကာ လက်လုပ်လက်စားသမားများလည်းရှိပါသည်။ ကျွဲနွားပိုင်ဆိုင်မှု အနေဖြင့် (၂)ကောင်နှင့် အထက် ပိုင်ဆိုင်သူ အနည်းငယ်နှင့် (၂)ကောင် ပိုင်ဆိုင်သူသာများပါသည်။

ရာသီပေါ် သီးနှံများရောင်းရငွေ အပါအဝင် တစ်နှစ်ဝင်ငွေမှာ (၂၀)သိန်း (၁၅)သိန်း၊ (၁၀)သိန်း အဆင့်ဆင့် ရှိပြီး သီးနှံအထွက် မကောင်းသောနှစ်များတွင် ဝင်ငွေနည်းသွားနိုင်ပါ သည်။

စားနပ်ရိက္ခာ ဖူလုံမှု အနေဖြင့် သိုလှောင်နိုင်မှု အများဆုံး (၁)နှစ်စာ သိုလှောင်နိုင်ပြီး အနည်းဆုံး (၁)လစာ သာ သိုလှောင်နိုင်သော လက်လုပ်လက်စားသမားများလည်း ရှိပါသည်။

**ပြဿနာအနှစ်ချုပ်**

လယ်၊ယာ စိုက်ပျိုးရေးလုပ်ငန်း တစ်ခုထဲကိုသာ အဓိကလုပ်ကိုင်ကြရသော ကြောင့် ဝင်ငွေရရှိနိုင်မှု နည်းပြီး၊ တစ်ခြားဝင်ငွေရရှိရန် အခွင့်အလမ်းများ လိုအပ်ကြောင်း သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးမောင်ရီ၊ ဦးအောင်နိုင်ဝင်း၊ ဦးအောင်ဂျမ်း၊ ဒေါ်ခင်မိုးစန်း၊ ဒေါ်ဝေဝေလွင်၊ ဒေါ်စောရီ

ပါဝင်ဆွေးနွေးသူ - ကျား (၂၁)၊ မ ( ၁၈ )

# ပြဿနာ သစ်ပင် ရေးဆွဲခြင်း

ရက်စွဲ ၃.၁..။..၁..။..၂၀၁



## ပြဿနာ ဖြေရှင်းမှု စက်ဝန်း

မြို့နယ် ........ ကျေးရွာအုပ်စု ........ ကျေးရွာ ........ ရက်စွဲ ........



ပါဝင်ဆွေးနွေးသူ -

ကျား - 24 ဦး

မ - 18 ဦး

မှတ်တမ်းတင်သူ

**မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊လုံးဖွန်ကျေးရွာ၏ ရွာတွင်းလမ်းမကောင်းခြင်း ပြဿနာ၏ သုံးသပ်ချက်များနှင့် ဖြေရှင်းချက်များ။**

ရက်စွဲ - ၃၁ - ၁ - ၂၀၁၆

စတင်ဆွေးနွေးချိန် - ၃:၄၅ နာရီ
ပြီးဆုံးချိန် - ၄ :၃၀ နာရီ
ကြာချိန် - ၀:၄၅ မိနစ်
နေရာ - ရွာဦးဘုန်းတော်ကြီးကျောင်း

လုံးဖွန်ကျေးရွာတွင် ပြဿနာသစ်ပင် ရေးဆွဲရ ရခြင်းကြောင့် ပြဿနာတစ်ခု ဖြစ်ပေါ်ရခြင်း၏ အကြောင်းတရား အချက်အလက်များကို သိရှိရပြီး အကြောင်းတရားကြောင့် အကျိုးတရားများ ဖြစ်ထွန်းလာပုံကိုပါ ဆက်စပ် သိရှိရပါသည်။

ပြဿနာသစ်ပင်အတွက် ပြဿနာတစ်ခုကို အကြောင်းပြုရာ၀ယ် လုံးဖွန်ကျေးရွာ၏ အဓိကကျသော (ရွာတွင်းလမ်းမကောင်းခြင်း)ပြဿနာကို အကြောင်းပြုခဲ့ပါသည်။ ရွာတွင်း လမ်းမကောင်းရခြင်းမှာ - မြေသားလမ်းဖြစ်နေခြင်း၊ ရန်ပုံငွေ မရှိခြင်း၊ လမ်းဘေးရေမြောင်း မရှိခြင်း၊ စီးပွားရေး အဆင်မပြေခြင်း စသော အကြောင်းအရာများ ပေါ်ထွက်လာခဲ့ပါသည်။

အကြောင်းတရားကြောင့် အကျိုးတရား ခံစားရရှိနေသည်မှာ သွားလာရေး ခက်ခဲခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ လူနေမှု အဆင့်အတန်း နိမ့်ကျခြင်း စသော အကျိုးကျေးဇူးများ ခံစားရရှိနိုင်ပြီး ပြဿနာသီးများ သီးနိုင်ပါသည်။

ပြဿနာသစ်ပင်ကို အသေသတ်ရန် ရေသောက်မြစ်မှ ဖြတ်ပြစ်ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ပြဿနာကို ဖြေရှင်းရန် နည်းလမ်းများမှာ ရန်ပုံငွေထားရှိခြင်း ပြင်ပအလှူရှင် ရှာဖွေခြင်း၊ စနစ်တကျ အစီအစဉ်ရေးဆွဲလည်ပတ်ထိန်းသိမ်းခြင်းနှင့် လူထုပူးပေါင်းပါ၀င် ဆောင်ရွက်ခြင်းဖြင့် ပြေလည်အောင် ဖြေရှင်းနိုင်မည့် နည်းလမ်းများပင် ဖြစ်ကြောင်း လေ့လာ သုံးသပ်မိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးထွန်းလှ၊ ဦးဇာမျိုး၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်အေးမူ၊ ဒေါ်ခင်ဋွေး၀င်း
ပါ၀င်ဆွေးနွေးသူ - ကျား ( ၂၁ )၊ မ ( ၁၈ )

# လုပ်ငန်းလိုအပ်ချက်များ ဖော်ထုတ်ခြင်း

ရက်စွဲ - ၃၁ - ၁ -၂၀၁၆

**အမျိုးသားအဖွဲ့**

၁။ စုရပ်ဆောင်ပြုပြင်ခြင်း
၂။ စာကြည့်တိုက်
၃။ ဆိုလာမီးလင်းရေး
၄။ လယ်ရေသွင်းမြောင်းပြုပြင်ခြင်း
၅။ ဆေးပေးခန်း
၆။ စာသင်ကျောင်းပြုပြင်ခြင်း
၇။ ရွာတွင်းလမ်းပြုပြင်ခြင်း
၈။ ရွာချင်းဆက်လမ်းပြုပြင်ခြင်း။
၉။ ငွေတိုးချေးလုပ်ငန်း
၁၀။ စိုက်ပျိုးမြေများတိုးချဲ့ခြင်း

**အမျိုးသမီး အဖွဲ့**

၁။ ရွာတွင်းလမ်း ပြုပြင်ခြင်း
၂။ စာသင်ကျောင်း ပြုပြင်ခြင်း
၃။ စုရပ်ဆောင် ပြုပြင်ခြင်း
၄။ မူလွန်ကျောင်း
၅။ စာကြည့်တိုက်
၆။ ဆိုလာမီးလင်းရေး
၇။ လယ်ရေသွင်းမြောင်း
၈။ ဆေးပေးခန်း
၉။ စာသင်ကျောင်း ခြံစည်းရိုးပြုပြင်ခြင်း
၁၀။ ငွေတိုးချေးလုပ်ငန်း

# လုပ်ငန်းဦးစားပေးအလိုက် နှိုင်းယှဉ်ဇယား

ရက်စွဲ၊ ၃၁ - ၁ -၂၀၁၆

| အဆင့် | | စုရပ်ဆောင် | စာကြည့် တိုက် | ရွာတွင်း လမ်း | ဆိုလာ မီး | ဆေးပေး ခန်း | စာသင် ကျောင်း ဆောင် | ရွာချင်း ဆက်လမ်း | ကျောင်းခြံ စည်းရိုး |
|---|---|---|---|---|---|---|---|---|---|
| (၃) | စုရပ်ဆောင် | | စုရပ် ဆောင် | ရွာတွင်း လမ်း | စုရပ် ဆောင် | စုရပ် ဆောင် | စာသင် ကျောင်း ဆောင် | စုရပ် ဆောင် | စုရပ် ဆောင် |
| (၅) | စာကြည့်တိုက် | | | ရွာတွင်း လမ်း | ဆိုလာ မီး | စာကြည့် တိုက် | စာသင် ကျောင်း ဆောင် | စာကြည့် တိုက် | စာကြည့် တိုက် |
| (၁) | ရွာတွင်းလမ်း | | | | ရွာတွင်း လမ်း | ရွာတွင်း လမ်း | ရွာတွင်း လမ်း | ရွာတွင်း လမ်း | ရွာတွင်း လမ်း |
| (၇) | ဆိုလာမီး | | | | | ဆိုလာ မီး | ကျောင်း ဆောင် | ရွာချင်း ဆက်လမ်း | ကျောင်း ခြံစည်းရိုး |
| (၈) | ဆေးပေးခန်း | | | | | | ကျောင်း ဆောင် | ရွာချင်း ဆက်လမ်း | ကျောင်း ခြံစည်းရိုး |
| (၂) | စာသင် ကျောင်းဆောင် ပြုပြင်ခြင်း | | | | | | | ကျောင်း ဆောင် | ကျောင်း ဆောင် |
| (၄) | ရွာချင်း ဆက်လမ်း | | | | | | | | ရွာချင်း ဆက်လမ်း |
| (၆) | ကျောင်းခြံ စည်းရိုး | | | | | | | | |

မှတ်တမ်းတင်သူ

ဒေါ်ခင်စန္ဒာထွန်း

## ကျေးရွာလူမှုရေး အဆောက်အဦးဆိုင်ရာ အခက်အခဲများအပေါ် ခန့်မှန်း ငွေကြေး တွက်ချက်မှုဇယား

ရက်စွဲ ၊ ၃၁. ၁. ၂၀၁၆

| စဉ် | ဦးစားပေးဖြေရှင်းရမည့် အခက်အခဲ | ဖြေရှင်းနည်း | လိုအပ်သောဘဏ္ဍာ ငွေပမာဏ | ဆောင်ရွက် မည့်ကာလ | တာဝန်ခံ အဖွဲ့ | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းမပေါ်သို့ ရေလျှံ၍လမ်းပျက်ခြင်း | ရေကျော်နှင့်မြေသား မြောင်းပြုလုပ်ခြင်း | ၄၆၀၀၀၀၀ | မတ်လ | လူထုဗဟို ပြုစီမံကိန်း | |
| ၂ | စာသင်ကျောင်းမှာ ဟောင်းနွမ်း၍ အန္တရာယ် ရှိခြင်း | စာသင်ကျောင်း သစ် ဆောက် လုပ်ခြင်း | - | - | လူထုဗဟို ပြုစီမံကိန်း | |
| | အစည်းအဝေးပြုလုပ်ရန် နေရာမရှိခြင်း | စုရပ်ဆောင် ဆောက်လုပ်ခြင်း | ၄၀၀၀၀၀၀ | - | လူထုဗဟို ပြုစီမံကိန်း | |
| ၃ | ရွာခြင်းဆက်လမ်းလမ်း မကောင်းခြင်း | ကျောက်ချောလမ်း ပြုပြင်ခြင်း | - | - | လူထုဗဟို ပြုစီမံကိန်း | |
| ၄ | အသိဉာဏ်ပွင့်လင်းရန် နေရာမရှိခြင်း | စာကြည့်တိုက် ဆောက်လုပ်ရန် | ၃၀၀၀၀၀ | - | လူထုဗဟို ပြုစီမံကိန်း | |
| ၅ | စာသင်ကျောင်းဝန်း လုံခြုံမှုမရှိခြင်း | စာသင်ကျောင်း ခြံစည်းရိုး ပြုပြင်ရန် | - | - | လူထုဗဟို ပြုစီမံကိန်း | |
| ၆ | ညအခါကလေးများ စာကြည့်ရန်နှင့် သွားလာရန်ခက်ခဲ | ဆိုလာ မီးလင်းရေး | - | - | လူထုဗဟို ပြုစီမံကိန်း | |
| ၇ | ကျန်းမာရေးစောင့်ရှောက်မှု အလှမ်းဝေးခြင်း | ဆေးပေးခန်း ဆောက်လုပ်ခြင်း | - | - | လူထုဗဟို ပြုစီမံကိန်း | |
| ၈ | | | | | | |
| ၉ | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - ၁၄

မ - ၁၇

မှတ်တမ်းတင်သူ

ဒေါ်ချောစု

## မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပန်းအိအုပ်စု၊ လုံးခွန်ကျေးရွာ၏ ၂၀၁၆ ခုနှစ်

## ဦးစားပေးလုပ်ငန်းများ၏ အကျဉ်းချုပ်ဇယား

ရက်စွဲ၊၃၁ - ၁ - ၂၀၁၆

| စဉ် | လုပ်ငန်းအမျိုးအစား | ဦးစားပေးအဆင့် |
|---|---|---|
| ၁ | ရေကျော်နှင့်မြေသားမြောင်းပြုလုပ်ခြင်း | ပထမဦးစားပေး |
| ၂ | စာသင်ကျောင်း ပြုပြင်ခြင်း | ဒုတိယဦးစားပေး |
| ၃ | စုရပ်ဆောင်ပြုပြင်ခြင်း | တတိယဦးစားပေး |
| ၄ | ရွာချင်းဆက်လမ်း ပြုပြင်ခြင်း | စတုတ္ထဦးစားပေး |
| ၅ | စာကြည့်တိုက်ပြုပြင်ခြင်း | ပဥ္စမဦးစားပေး |
| ၆ | စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ဆဋ္ဌမဦးစားပေး |
| ၇ | ဆိုလာမီးလင်းရေး | သတ္တမဦးစားပေး |
| | | |
| | | |
| | | |
| | | |

မှတ်တမ်းတင်သူ

ဒေါ်ချောစု (CF)

## လုပ်ငန်းလိုအပ်ချက်များ ဖော်ထုတ်ခြင်း

ရက်စွဲ ၂၀ / ၁၂ / ၂၀၁၆

**အမျိုးသား အဖွဲ့**

၁။ စုရပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ ရွာချင်းဆက်လမ်းပြုပြင်ခြင်းလုပ်ငန်း

၃။ စာသင်ကျောင်းပြုပြင်ခြင်းလုပ်ငန်း

၄။ လယ်ရေသွင်းမြောင်းပြုပြင်ခြင်းလုပ်ငန်း

၅။ ဆိုလာမီးလင်းရေးလုပ်ငန်း

၆။

၇။

၈။

၉။

**အမျိုးသမီး အဖွဲ့**

၁။ စုရပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ စာသင်ကျောင်းပြုပြင်ခြင်းလုပ်ငန်း

၃။ ဆေးပေးခန်း တည်ဆောက်ခြင်းလုပ်ငန်း

၄။ ဆိုလာမီးလင်းရေးလုပ်ငန်း

၅။ အင်ဂျင်မီးလင်းရေးလုပ်ငန်း

၆။ လယ်ရေသွင်းမြောင်းပြုပြင်ခြင်းလုပ်ငန်း

၇။ ရွာချင်းဆက်လမ်းပြုပြင်ခြင်းလုပ်ငန်း

၈။ ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း

၉။ စာကြည့်တိုက်ဆောက်လုပ်ခြင်းလုပ်ငန်း

၁၀။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း သင်တန်း

၁၁။ စိုက်ပျိုးရေးနည်းပညာသင်တန်း

# လုပ်ငန်းဦးစားပေးအလိုက် နှိုင်းယှဉ်ဇယား

ရက်စွဲ ၂၀ / ၁၂ / ၂၀၁၆

| | စုရပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း | ကျောင်းခြံစည်းရိုးကာရံခြင်း | စာကြည့်တိုက် | စာသင်ကျောင်းပြုပြင်ခြင်း | ဆိုလာမီးလင်းရေးလုပ်ငန်း | အင်ဂျင်မီးလင်းရေးလုပ်ငန်း | ဘုရားချင်းဆက်လမ်းပြုပြင်ခြင်း |
|---|---|---|---|---|---|---|---|
| စုရပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း | | စုရပ်ဆောင်ဆောက်လုပ်ခြင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း | စုရပ်ဆောင်ဆောက်လုပ်ခြင်း |
| ကျောင်းခြံစည်းရိုးကာရံခြင်း | | | စာကြည့်တိုက် | ကျောင်းခြံစည်းရိုးကာရံခြင်း | ဆိုလာမီးလင်းရေး | ကျောင်းခြံစည်းရိုးကာရံခြင်း | ကျောင်းခြံစည်းရိုးကာရံခြင်း |
| စာ[illegible] တိုက် | | | | စာကြည့်တိုက် | စာကြည့်တိုက် | စာကြည့်တိုက် | စာကြည့်တိုက် |
| စာသင်ကျောင်းပြုပြင်ခြင်း | | | | | ဆိုလာမီးလင်းရေး | အင်ဂျင်မီးလင်းရေး | စာသင်ကျောင်းပြုပြင်ခြင်း |
| ဆိုလာမီးလင်းရေးလုပ်ငန်း | | | | | | ဆိုလာမီးလင်းရေး | ဆိုလာမီးလင်းရေး |
| အင်ဂျင်မီးလင်းရေးလုပ်ငန်း | | | | | | | အင်ဂျင်မီးလင်းရေး |
| ဘုရားချင်းဆက်လမ်းပြုပြင်ခြင်း | | | | | | | |

မှတ်တမ်းတင်သူ

(ဒေါ်မြတ်ကျော်)

ကျေးရွာစည်းရုံးရေးမှူး

ရွာလူမှုရေး အဆောက်အဦးဆိုင်ရာ အခက်အခဲများအပေါ် ခန့်မှန်း ငွေကြေး တွက်ချက်မှုဇယား

ရက်စွဲ ၂၀/၁၂/၂၀၁၆

| စဉ် | ဦးစားပေး ဖြေရှင်းရမည့် အခက်အခဲ | ဖြေရှင်းနည်း | လိုအပ်သော ဘဏ္ဍာငွေ ပမာဏ | ဆောင်ရွက်မည့် ကာလ | တာဝန်ခံမည့် အဖွဲ့ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လူထုအစည်းအဝေးပွဲများပြုလုပ်ရန်နေရာမရှိခြင်း | ဓမ္မာရုံဆောင် ဆောက်လုပ်ရန် | ၇၅၀၀၀၀၀ | ၂၀၁၇ | CDD | |
| ၂။ | စာသင်ကျောင်း၊ မလောက်ခြင်း | စာသင်ကျောင်း ဖြည့်စွက်ဆောက်လုပ်ရန် | - | - | ပညာရေးဦးစီးဌာန | |
| ၃။ | ကျန်းမာရေးဌာနနှင့် အလှမ်းကွာဝေးခြင်း | ကျန်းမာရေး ဆေးပေးခန်း တည်ဆောက်ရန် | - | - | ကျန်းမာရေးဌာန | |
| ၄။ | ညအချိန်မီးအလင်းရောင်ကောင်းစွာမရှိခြင်း | ဆိုလာ/အင်ဂျင် ဖြင့်မီးလင်းရေး ဆောင်ရွက်ရန် | - | - | CDD | |
| ၅။ | ရွာချင်းဆက်လမ်း မိုးအခါသွားမရခြင်း | ရွာချင်းဆက် လမ်းပြုပြင်ရန် | - | - | လွှတ်တော်/ | |
| ၆။ | ကျောင်းခြံစည်းရိုး မလုံခြုံခြင်း | ကျောင်းခြံစည်းရိုး ပြုလုပ်ရန် | - | - | CDD | |
| ၇။ | စာပေ၊ ပညာသင်ကြားနှင့်အလှမ်းဝေးကွာခြင်း | စာကြည့်တိုက် ဆောက်လုပ်ရန် | - | - | CDD | |
| ၈။ | စားဝတ်နေရေးအတွက် ခက်ခဲခြင်း | အသက်မွေး ဝမ်းကျောင်း ပညာသင်တန်း | - | - | DRD | |
| ၉။ | စိုက်ပျိုးရေးတွင် နည်းပညာ၊ ပညာသည် အနည်းပါးခြင်း | စိုက်ပျိုးရေး နည်းပညာ သင်တန်း | - | - | စိုက်ပျိုးရေးဌာန | |
| ၁၀။ | ဆပါး စိုက်ပျိုးရာ တွင်စိုက်ပျိုးရေမလုံလောက်ခြင်း | လယ်ရေသွင်း မြောင်းပြုပြင်ရန် | - | - | အထွေထွေအုပ်ချုပ်ရေး/လွှတ်တော် | |

ဝင်ဆွေးနွေးသူ -

ကျား - ၃၄ - ဦး

မ - ၁၅ - ဦး

မှတ်တမ်းတင်သူ

(ထွန်းမြတ်ကျော်)

လူထုစည်းရုံးရေးမှူး

# ဦးစားပေးလုပ်ငန်းများ၏ အကျဉ်းချုပ်ဇယား

| ဦးစားပေးအဆင့် | လုပ်ငန်းစဉ်များ |
|---|---|
| ပထမ | စုရပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း |
| ဒုတိယ | စာကြည့်တိုက် ဆောက်လုပ်ခြင်း လုပ်ငန်း |
| တတိယ | ဆိုလာမီးထွန်းရေးလုပ်ငန်း |
| စတုတ္ထ | ကျောင်းခြံ စည်းရိုးကာရံခြင်းလုပ်ငန်း |
| ပဉ္စမ | အဝီရှုမီးလင်းရေး လုပ်ငန်း |
| ဆဋ္ဌမ | စာသင်ကျောင်းပြုပြင်ခြင်းလုပ်ငန်း |
| သတ္တမ | ရွာချင်းဆက်လမ်းပြုပြင်ခြင်းလုပ်ငန်း |
| | |
| | |

မှတ်တမ်းတင်သူ

( ဦး မြတ်ကျော် )

လူထုစည်းရုံးရေးမှူး

## ကျေးရွာ ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဖွဲ့စည်းပုံ

**အုပ်စုစီ/ထောက်ဥက္ကဋ္ဌ**

၁။ ဦးမောင်ရီ
၂။ ဒေါ်မငယ်

**ဝယ်ယူရေးဆပ်ကော်မတီ**

၁။ ဦးစံဌေး
၂။ ဦးဇော်ဌေး
၃။ ဒေါ်ဇင်မာဝင်း

**အုပ်စုစီ/ထောက်ဥက္ကဋ္ဌ**

၁။ ဦးထွန်းလှ
၂။ ဦးအောင်ဒိုး
၃။ ဒေါ်သန္တာဦး

**လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ**

၁။ ဦးသန်းထွန်း
၂။ ဒေါ်ခင်အေးမူ
၃။ ဒေါ်လှမေ

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးစံလင်း
၂။ ဒေါ်ဝေဝေလွင်

**ကျေးရွာဘဏ္ဍာရေးစာရေး**

၁။ ဒေါ်ဝင်းဝင်းမူ
၂။

**အကြံပြုဖြေရှင်းရေးကော်မတီ**

၁။ ဦးမိုးမိုး
၂။ ဒေါ်စန်းမော်ဦး

ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ



## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းပုံ

**ကျေးရွာစီ/ထောက် ဥက္ကဋ္ဌ**

၁။ ဦးအောင်ကြိုင်

၂။ ဒေါ်မြငယ်

**ဝယ်ယူရေးဆပ်ကော်မတီ**

ခေါင်းဆောင် - ဦးစံမြေး

မှတ်တမ်းထိမ်း - ဒေါ်ဆွေသီအောင်

အဖွဲ့ဝင် - ဦးကျော်ထွန်း

**စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ**

၁။ ဦးထွန်းလှ

၂။ ဦးအောင်ငြိမ်း

၃။ ဒေါ်သန္တာဦး

**လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ**

၁။ ဦးသန်းထွန်း

၂။ ဒေါ်ခင်မြေးဝင်း

၃။ ဒေါ်ခင်အေးမူ

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ ဦးကျော်မင်းသူ

၂။ ဒေါ်မေမေလွင်

**ကျေးရွာဘဏ္ဍာရေးစာရေး**

၁။ ဒေါ်ထင်းဝင်းမူ

**အကြံပြုဖြေရှင်းရေးကော်မတီ**

၁။ ဦးမိုးမိုး

၂။ ဒေါ်စန်းအောင်ဦး

လုံးဖွန်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ





# ပုံစံ - ၁ ကျေးရွာ အခြေခံအချက်အလက် များ ( Form PC 1)

| |
|---|
| လမ်းညွှန်ချက်/ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူး သည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာ အချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီ တောင်းခံရမည်။ စီမံကိန်းမိတ်ဆက် အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များ အား စစ်ဆေးပြီး မှန်ကန်အောင် ပြုလုပ်ရမည်။ပြီးနောက်တွင်လူထုစည်းရုံးရေးမှူးမှသတင်းအချက်အလက်ထဲသို့Tabletsမှတဆင့်ဖြည့်သွင်းရမည် |

| ကျေးရွာအုပ်ချုပ်ရေးမှူးအမည် ကျေးရွာယာအိမ်မှူး-**ဦးကျော်သန်း** | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် **ဒေါ်ချောစု** | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး **မကွေး** | မြို့နယ်- စေတုတ္တရာ | ကျေးရွာအုပ်စု **ပန်းအိ** | ကျေးရွာ **လုံးဖွန်** |

က - လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) - **ချင်း** | ၆၁ | ဘာသာ(၁) - ဗုဒ္ဓ | ၆၁ |
| လူမျိုးစု (၂) .......... | | ဘာသာ(၂) --------- | |
| လူမျိုးရော .......... | | ဘာသာရော --------- | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | ၁၁၄ | ၁၃၅ |
| အိမ်ထောင်ဦးစီး | ၅၇ | ၄ |

(ခ) လက်လှမ်းမီ အသုံးပြုနိုင်သည့် အဆောက်အဦးများ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အဦး | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | | စေတီ | ✔ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | | ဘုန်းကြီးကျောင်း | ✔ |
| မူလတန်းကျောင်း | ✔ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

)ကျွမ်းကျင်သူများမှတ်တမ်း၊ကျေးရွာတွင်နေထိုင်သောသို့မဟုတ်တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ

| (၁ )စာသင်ကျောင်း | | | (၂ ) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
